# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

March 21 , 2024 Volume 76, Number 15


၂၁.၃.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၂၀၅ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၆.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၆.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၈၀.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၇.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၁.၆၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၅၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၈.၁၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၅.၄၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၂၃၆ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖတ်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## အိန္ဒိယကိုသာ ကွမ်းသီးခြောက်တင်ပို့နိုင်ပါက မြန်မာ့ကွမ်းသီးဈေးကွက် ပြန်လည်မြင့်တက်လာနိုင်




မြန်မာ့ ကွမ်းသီးခြောက်များကို အိန္ဒိယနိုင်ငံကို လစဉ်တန်ချိန် ၂၀၀ တင်ပို့ဖို့အတွက် အမှာစာ လက်ခံရရှိထားပြီး သဘောတူညီမှုစာချုပ်ရေးထိုးကာ တင်ပို့ဖို့ လုပ်ဆောင်နေတယ်လို့ မြန်မာနိုင်ငံကွမ်းသီးစိုက်ပျိုးထုတ်လုပ်၊ တင်ပို့ရောင်းချသူများ အသင်းမှသိရပါတယ်။

အိန္ဒိယနိုင်ငံကို လစဉ် ကွမ်းသီးခြောက်တန်ချိန် ၂၀၀ တင်ပို့ဖို့အတွက် ကနဦးအဖြစ် ၃ နှစ်တင်ပို့ရန် စာချုပ်ချုပ်ဆိုပြီး လက်ရှိမှာ ကွမ်းသီးခြောက်နမူနာ ၁၇ တန်ပါ ကွန်တိန်နာပုံးကို တင်ပို့ထားတယ်လို့ သိရပါတယ်။

လက်ရှိမှာတော့ ကွမ်းသီခြောက်တင်ပို့ရမယ့် ပုံစံ၊ ငွေပေးချေမယ့်ပုံစံ စတဲ့ လိုအပ်ချက်တွေကို ဆွေးနွေးညှိနှိုင်းနေတယ်လို့ သိရပါတယ်။ "သူတို့က တစ်လ

တန် ၂၀၀ ပို့နိုင်လားမေးတယ်။ ကျွန်တော်ကိုကလည်းပေးနိုင်တယ်ပေါ့။ အခုဆို နမူနာကွမ်းသီးခြောက်တွေလည်း ပို့ပြီးပြီ၊ အဆင်ပြေပြီဆိုတာနဲ့ လစဉ် တန် ၂၀၀ ကို စပို့တော့မှာပါ၊ အိန္ဒိယကိုသာ တင်ပို့မှုလုပ်နိုင်ရင် ဈေးကွက်လည်း ပြန်ကောင်းလာမှာပါ"လို့ မြန်မာနိုင်ငံ ကွမ်းသီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းဝင်တစ်ဦးက ပြောပါတယ်။

အိန္ဒိယနိုင်ငံကိုသာ မြန်မာ့ကွမ်းသီးခြောက်ကို တရားဝင်တင်ပို့နိုင်ပါက မြန်မာ့ကွမ်းသီးဈေးကွက် ပြန်လည်မြင့်တက်လာပြီး ဈေးကောင်းရရှိလာနိုင်တာကြောင့် တောင်သူတွေလည်း ယခုထက်ပိုပြီး တွက်ချေကိုက်နိုင်တယ်လို့ သိရပါတယ်။

လက်ရှိမှာတော့ ပြည်တွင်းထွက်ကုန်ဖြစ်တဲ့ ကွမ်းသီးဈေးကွက်က ပြည်တွင်းစားသုံးမှုအပေါ်သာ အဓိက မှီခိုနေရတာကြောင့် ကွမ်းသီးဈေးနှုန်း ကျဆင်းနေပါတယ်။

မွန်ပြည်နယ် မော်လမြိုင်ဈေးကွက်မှာဆိုရင် ကွမ်းသီးဈေးက ရေးပေါင်းခြမ်း တစ်ပိဿာကို ၄၀၀၀ ကျပ်၊ ရေးပေါင်းခြမ်း ၈၀ ရာခိုင်နှုန်း ခြောက်သား တစ်ပိဿာ ၅၅၀၀ ကျပ်၊ ရေးပေါင်းခြမ်း ၉၉ ရာခိုင်နှုန်း ခြောက်သား တစ်ပိဿာ ၆၀၀၀ ကျပ်၊ အံစာသန့် တစ်ပိဿာ ၆၀၀၀၊ ရှယ်ဝိုင်းခြောက် ပွန်းသန့် တစ်ပိဿာ ၆၅၀၀၊ ရှယ်ဝိုင်းခြေညက်အလတ် တစ်ပိဿာ ၇၅၀၀၊ ဂျင်းပြတ်ခြောက် ၆၁၀၀ ကျပ် ရှိပါတယ်။

လက်လီဈေးကွက်မှာတော့ အဆင်သင့်စားသုံးနိုင်တဲ့ ခွဲစိတ်ပြီးသား ကွမ်းသီးခြမ်း တစ်ပိဿာကို ၆၀၀၀ မှ ၈၀၀၀ ကျပ်အထိ ဈေးတန်းရှိကြောင်း ကွမ်းရွက်ကွမ်းသီး ရောင်းဝယ်ရေးလုပ်ကိုင်သူတွေဆီက သိရပါတယ်။


ကွမ်းသီးကို ပြည်ပတင်ပို့မှုရောင်းချမှုအနေနဲ့ အရင်က အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုသာ အဓိကထား တင်ပို့မှုရှိပြီး ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာနှစ်မှာ ကွမ်းသီးတန်ချိန် ၂ ထောင်နီးပါး တင်ပို့ခဲ့တယ် လို့ စီးပွား/ကူးသန်း စာရင်းများအရ သိရပါတယ်။

ကွမ်းသီးကို တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနဲ့ရခိုင်ပြည်နယ်မှာ အဓိကစိုက်ပျိုးကြပြီး နှစ်ရှည်သီးနှံပင်ဖြစ်ပါတယ်။

Source: AMIA

Myanma Awba Group

## အိန္ဒိယပဲဈေးကွက်သတင်း (၁၃-၃-၂၀၂၄) အပိတ်ဈေးကွက်တွင် မြန်မာ့မတ်ပဲဈေးနှုန်းမြင့်တက်ပြီး ပဲစင်းငုံနီဈေးနှုန်းကျဆင်း



မွန်ဘိုင်းဈေးကွက်ပိတ်ချိန်တွင် မြန်မာ့မတ်ပဲ FAQ မှာ ၁ ကွမ်တယ် ၈၇၅၀ ရူပီးနှင့် မြန်မာ့ပဲစင်းငုံနီမှာ ၁ ကွမ်တယ် ၁၀၂၀၀ ရူပီးဖြင့် အသီးသီးအရောင်းအဝယ်ဖြစ်ခဲ့သည်။

၂၀၂၄ခုနှစ်၊ မတ်လ ၁၃ ရက်နေ့၏ အဖွင့်ဈေးနှင့်နှိုင်းယှဉ် ပါက မတ်ပဲ FAQ မှာ ၅၀ ရူပီးဈေးနှုန်း မြင့်တက်လာပြီး ပဲစင်းငုံနီ မှာ ၁၀၀ ရူပီးဈေးနှုန်းကျဆင်းနေကြောင်း သိရှိရသည်။ (၁ကွမ်တယ်ဈေးဖြစ်ပြီး ၁၀၀ ကီလိုဂရမ်နှင့် ညီမျှသည်)

မတ်လ ၁၃ ရက်နေ့တွင် ဒေလီဈေးကွက်၌ မြန်မာ့မတ်ပဲ SQ ဈေးမှာ ၁ ကွမ်တယ် ၉၉၀၀ ရူပီး၊ မြန်မာ့မတ်ပဲ FAQ မှာ ၁ ကွမ်တယ် ၉၀၀၀ ရူပီးနှင့် မြန်မာ့ပဲစင်းငုံနီမှာ ၁၀၆၂၅ ရူပီး ရှိကြောင်းသိရှိရသည်။

ယနေ့ အိန္ဒိယ ဂျဝါနေရှုးဆိပ်ကမ်းအရောက် မြန်မာ့ပဲများ၏ CNF တစ်တန်ဈေးမှာ အောက်ပါအတိုင်းဖြစ်သည်။ တစ်တန်အတွက် ဒေါ်လာပေါက်ဈေးဖြစ်သည်။ မတ်ပဲ FAQ -၁၀၃၀, ပဲစင်းငုံနီ -၁၃၀၀, ပဲတီစိမ်းပခုက္ကူ - ၈၆၀, ပဲတီစိမ်းရွှေဝါ - ၉၈၅ , ပဲတီစိမ်း အညာရွှေဝါ - ၇၉၅ ဈေးနှုန်းအသီးသီးရှိသည်။

ယနေ့ မွန်ဘိုင်းဈေးကွက် Closing session of trade (CSOT) တွင် ဖြစ်ပေါ်နေသောဈေးနှုန်းသည် မတ်လ ၁၄ ရက်နေ့၌ Opening session of trade (OSOT) တွင် ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းများနှင့်နှိုင်းယှဉ်ပါက မတ်ပဲ (ရှုပီး/ ကွမ်တယ်) မှာ ဈေးနှုန်းအနည်းငယ် မြင့်တက်လာသော်လည်း ပဲစင်းငုံနီ (ရှုပီး/ကွမ်တယ်)မှာ ဈေးနှုန်းအနည်းငယ် ကျဆင်းလာကြောင်း သိရသည်။

**DOCA(ရန်ကုန်)**

https://www.doca.gov.mm/my/node/18521

## ယခုနှစ်အတွင်း ထိုင်းနိုင်ငံ၌ ပြည်တွင်းဓာတ်ငွေ့ထောက်ပံ့မှု လျော့နည်းလာနိုင်သည့်အပေါ် စွမ်းအင်မူဝါဒနှင့်စီမံကိန်းရုံးက သတိပေးပြောကြားခဲ့

ထိုင်းနိုင်ငံ၌ ယခုနှစ် နွေရာသီအတွင်း လျှပ်စစ်ဓာတ်အားသုံးစွဲမှု မြင့်တက်လာချိန်တွင် စွမ်းအင်ထုတ်လွှတ်ရေးအတွက် ပြည်တွင်းဓာတ်ငွေ့ထောက်ပံ့မှု မလုံလောက်နိုင်ကြောင်း စွမ်းအင်မူဝါဒနှင့်စီမံကိန်းရုံးက ပြောကြားခဲ့သည်။

ထိုင်းပင်လယ်ကွေ့အတွင်းရှိ အီရာဝမ် (Erawan) ဓာတ်ငွေ့တွင်းမှ ဓာတ်ငွေ့ထုတ်လုပ်မှုသည် ၂၀၁၈ ခုနှစ်မှစ၍ ကျဆင်းလာခဲ့ပြီး ဧပြီလအတွင်း ၂ ဆ ထွက်ရှိရန် ချိန်ညှိထားသော်လည်း အလွန်ပူပြင်းသည့်ရာသီ၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်နှင့်နှိုင်းယှဉ်ပါက နည်းပါးပါကြောင်း၊ ရာသီဥတုအခြေအနေသည် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ကြောင်း၊ ယခင်နှစ်ထက် မိုးရွာသွန်းမှုလျော့နည်းနိုင်သဖြင့် အပူချိန်သည်စံချိန်သစ်တင်နိုင်ကြောင်း၊ မြင့်တက်လာသည့် စွမ်းအင်လိုလား ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် Liquefied Petroleum Gas (LNG) ပိုမိုတင်သွင်းရန် လိုအပ်လာမည်ဖြစ်ကြောင်း၊ ဓာတ်ငွေ့၏ ၆၀ ရာခိုင်နှုန်းကို လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် လောင်စာအဖြစ်အသုံးပြုရပါကြောင်း၊ ဓာတ်ငွေ့၏ ၅၇ ရာခိုင်နှုန်းသည် နိုင်ငံတွင်းရင်းမြစ်မှလည်းကောင်း၊ ၃၁ ရာခိုင်နှုန်းသည် တင်သွင်းလာသည့် LNG မှလည်းကောင်း၊ ၁၂ ရာခိုင်နှုန်းသည် မြန်မာနိုင်ငံမှလည်းကောင်းရရှိပါကြောင်း စွမ်းအင်မူဝါဒနှင့်စီမံကိန်းရုံးညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Mr. Veerapat Kiatfuengfoo က ဖြည့်စွက်ပြောကြားခဲ့သည်။

တင်သွင်းလာသော ဓာတ်ငွေ့နှင့် LNG ဈေးနှုန်းများသည် ပြည်တွင်း၌ထုတ်လုပ်သည်ထက် ဈေးနှုန်းမြင့်မားပါကြောင်း၊ LNG များများသုံးလေလေ လျှပ်စစ်ဓာတ်အားခ ဈေးကြီးလေလေဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ်အတွင်း LNG တင်သွင်းမှုသည် တန်ချိန် ၆ သန်းထိ ရောက်ရှိခဲ့ပါကြောင်း၊ ယခုနှစ် နိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်မြင့်မားချိန်သည် နိုင်ငံ၏ စွမ်းအင်ထုတ်လွှတ်မှုသည် လျော့ကျချိန်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် ၂၁၀၊ ၁၇၀ gigawatts-hour (GWh)၊ စွမ်းအင်သုံးစွဲမှုသည် ၂,၀၆၃ kilo barrels of oil equivalent per day (KBOED)၊ သဘာဝဓာတ်ငွေ့သုံးစွဲမှုသည် ၈၅၉ KBOED၊ ဆီသုံးစွဲမှုသည် ၈၃၇ KBOED နှင့် ကျောက်မီးသွေးသုံးစွဲမှုသည် ၂၉၆ KBOED အသီးသီး မြင့်တက်လာနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

မြင့်တက်လာမှုများသည် GDP တိုးတက်မှုနှုန်း ၂ ဒသမ ၂ ရာခိုင်နှုန်းမှ ၃ ဒသမ ၂ ရာခိုင်နှုန်းအကြား၊ ဒူဘိုင်းရေနံစိမ်း ရည်ညွှန်းဈေးနှုန်း ၁ စည်လျှင် အမေရိကန်ဒေါ်လာ ၈၀-၉၀ ကြားနှင့် ငွေလဲလှယ်နှုန်း ၁ ဒေါ်လာလျှင် ၃၄ ဒသမ ၃ ဘတ်မှ ၃၅ ဒသမ ၃ ဘတ်တို့အပေါ်အခြေခံ၍ ခန့်မှန်းထားခြင်းဖြစ်ကြောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အချိုးကို ၅၀ ရာခိုင်နှုန်းသို့ တိုးတက်နိုင်မည့် နိုင်ငံစွမ်းအင်ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် (၂၀၂၄-၂၀၃၇)နှင့်စပ်လျဉ်း၍ ပြည်သူများ၏အသံကို နားထောင် သွားမည်ဖြစ်ကြောင်း၊ ဟိုက်ဒရိုဂျင်နှင့်နူးကလီးယားလောင်စာကို အစားထိုးစွမ်းအင်အဖြစ် အသုံးပြုနိုင်ရန် သဘောတူညီမှု ရှိ-မရှိ မေးမြန်းသွားမည်ဖြစ်ကြောင်း သိရသည်။

အယ်လ်နီညိုရာသီဥတု ဖြစ်စဉ်များကြောင့် မိုးခေါင်မှုနှင့် အလွန်ပူပြင်းသောရာသီဥတုတို့သည် ထိုင်းနိုင်ငံတွင် ကြုံတွေ့ နေရသော ဖြစ်စဉ်များဖြစ်သည်။ ရာသီဥတုပူပြင်းလွန်းသဖြင့် အပူလျော့ပါးသက်သာစေရန် လေအေးပေးစက်များ၊ ပန်ကာများ

အသုံးပြုမှုမြင့်တက်လာသောကြောင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုလည်း မြင့်တက်လာလျက်ရှိသည်။ လျှပ်စစ်ဓာတ်အား ထုတ်လွှတ်ရာတွင် အသုံးပြုသောဓာတ်ငွေ့ကို ပြည်တွင်း၌ထုတ်လုပ်ခြင်းဖြင့်လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်းဖြင့် လည်းကောင်း ဆောင်ရွက်လျက်ရှိရာ ပြည်တွင်းမှ ထုတ်လွှတ်မှုသည် ကျဆင်းလျက်ရှိသဖြင့် ပြည်ပမှ ပိုမို ဝယ်ယူတင်သွင်းနိုင်ကြောင်း သုံးသပ်ရသည်။

**Source: www.bangkokpost.com**

**(စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

https://myantrade.gov.mm/article/Naypyitawstp_210320240935

## ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလတွင် ငါးခေါင်းပွ ပိဿာချိန် ၇၇,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလတွင် ငါးခေါင်းပွ ပိဿာချိန် ၇၇,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဇန်နဝါရီလက ငါးခေါင်းပွပိဿာချိန် ၄၅,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၉ ရက်နေ့ထိ ငါးခေါင်းပွ ပိဿာချိန် ၇၇,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါဒေသမှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းများသည် ငါးခေါင်းပွများအပါအဝင် ဒေသရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

“ပန်းတနော်ကနေ ငါးခေါင်းပွတွေ ရန်ကုန်ဈေးကွက်ကိုအများဆုံး တင်ပို့ရောင်းချနေတာပါ။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလက ပထမပတ်လောက်ကနေ ငါးခေါင်းပွတွေ တင်ပို့အားထပ်ကောင်းလာတာပါ။ ပြည်တွင်းမှာကို ငါးခေါင်းပွက ဝယ်လိုအားများနေပါတယ်။ ဇန်နဝါရီလကထက် ဖေဖော်ဝါရီလအတွင်း ပိဿာချိန် ၃၂,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိငါးခေါင်းပွတွေ ဝယ်လိုအားကောင်းလာလို့ ငါးလုပ်ငန်းရဲ့နယ်ပယ်အသီးသီးကသူတွေ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိလာပါတယ်” ဟု ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီကပြောပြသည်။

ပန်းတနော်မြို့နယ်မှ ထွက်ရှိသည့်ငါးခေါင်းပွများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် နေပြည်တော်နှင့်အခြားဒေသများသို့ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ ငါးခေါင်းပွများ နေ့စဉ်တင်ပို့ရောင်းချလာရသည့် အတွက် မွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်း ပိုမိုကောင်းမွန်လာကြောင်း ဒေါ်ရီရီက ဆက်လက်ပြောပြ၍ သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ဆိပ်ဖြူမြို့နယ်၌ ဆောင်းကုလားပဲသီးနှံစိုက်တောင်သူများ အကျိုးအမြတ်ရရှိ



မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်အတွင်းရှိ ဆိပ်ဖြူမြို့ အနောက်ပိုင်း၊ ရွာသစ်ရပ်ကွက်နှင့် ကိုးထောင့်၊ အောက်ဆိပ်၊ ချင်တောင်၊ မြင်ကဝ၊ ငွေးပင်၊ ကူရှည်၊ အလယ်စု/ရွာမ၊ လိပ်ခြံအုပ်စုအတွင်းရှိ ကျေးရွာများတွင် စိုက်ပျိုးရေးကို အခြေခံ၍ သီးနှံမျိုးစုံ နှစ်စဉ်စိုက်ပျိုးလျက်ရှိရာ ကုလားပဲ သီးနှံများကို ဒုတိယအများဆုံး စိုက်ပျိုးလျက်ရှိကြောင်း၊ ဆောင်းသီးနှံကုလားပဲကို မြစ်ရေဝင် ကိုင်းကျွန်းမြေများ၊ ကြက်သွန်ခင်းကွက်များ၊ လယ်ကွဲမြေ စပါးခင်းကွက် များတွင် နှစ်စဉ်စိုက်ဧက ၃၀၀၀ ခန့်စိုက်ပျိုးပြီး စိုက်ပျိုးသည့် မျိုးအနေဖြင့် ထိုင်ဝမ်ကုလားပဲလုံးကြီး (အဖြူ) မျိုးကို

အများဆုံးစိုက်ပျိုးကြကြောင်း၊ ကုလားပဲသီးနှံသည် စိုက်ပျိုးရာတွင်လွယ်ကူပြီး ကုန်ကျစရိတ်နည်း၍ အထွက်နှုန်းကောင်းမွန်ခြင်းအပြင် ဈေးကွက်ခိုင်မာမှုရှိသည့်အတွက် ဘဏ္ဍာနှစ် ၂၀၂၃-၂၀၂၄ တွင် စိုက်ဧက ၄၀၀၀ ခန့်အထိ တိုးချဲ့စိုက်ပျိုးထားရှိကြောင်း သိရသည်။

ဆောင်းကုလားပဲသီးနှံကို အောက်တိုဘာလနှင့်နိုဝင်ဘာလများတွင် စိုက်ပျိုးပြီး ဖေဖော်ဝါရီလနှင့်မတ်လတွင် ရိတ်သိမ်းကြကြောင်း၊ ကုလားပဲသီးနှံကို မြေအောက်ရေတင်စနစ်ဖြင့် စိုက်ပျိုးကြပြီး စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်အနေဖြင့် ကျပ် ၆,၀၀,၀၀၀ ခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၂၀-၂၂ တင်းထွက်ရှိပြီး သီးနှံပေါ်ချိန်၌ ဒေသတွင်းကုလားပဲဈေးကွက်တွင် ကုလားပဲတစ်တင်းလျှင် ကျပ် ၈၂,၀၀၀ ဖြင့်ရောင်းချရ၍ ဝင်ငွေကျပ် ၁၆,၄၀,၀၀၀ ခန့်ရရှိပြီး ကျပ် ၁၀,၄၀,၀၀၀ ခန့်အမြတ်ရရှိကြောင်း ဒေသခံတောင်သူတစ်ဦးထံမှ သိရသည်။

ကုလားပဲသီးနှံသည် သီးနှံပေါ်စမှ ရာသီကုန်ချိန်အထိဈေးကွက်ခိုင်မာမှုရှိ၍ သီးနှံပေါ်စအချိန် ဖေဖော်ဝါရီလလယ်တွင် ကုလားပဲတစ်တင်းလျှင် ကျပ် ၈၈,၀၀၀ ပေါက်ဈေးရှိပြီး ဈေးကွက်၌ ပြည်တွင်းဝယ်လိုအားနည်းပါး၍ တစ်တင်းလျှင် ကျပ် ၇၈,၀၀၀ အထိ ဈေးနှုန်းကျဆင်းခဲ့ရာ မတ်လ ဒုတိယပတ်တွင် လှောင်လက်သမားများ အဝယ်လိုက်လာ၍ ကုလားပဲအုပ်စုဈေးနှုန်း အနည်းငယ်မြင့်တက်လာပြီး တစ်တင်းလျှင် ကျပ် ၈၂,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ယခုနှစ်တွင် ကုလားပဲဈေးနှုန်း အနည်းငယ်ကျဆင်းသော်လည်း အထွက်နှုန်းကောင်းမွန်၍ ကုလားပဲစိုက်တောင်သူများ အကျိုးအမြတ်ရရှိသောကြောင့် ဈေးနှုန်းဈေးကွက်ခိုင်မာမှုရှိသော ကုလားပဲသီးနှံကို တောင်သူများတိုးချဲ့စိုက်ပျိုးလာကြကြောင်း သိရှိရသည်။

**Source: DOCA (မကွေး)**

**Source:** https://commerce.gov.mm

## ရွှေဘိုဈေးကွက်၌ ပဲစင်းငုံ(နီ)များ ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိ



စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုဈေးကွက်သို့ ဇန်နဝါရီလ၊ ဒုတိယပတ်မှစတင်၍ ပဲစင်းငုံ (နီ၊ ဖြူ)များ စတင်ဝင်ရောက်ခဲ့သော်လည်း မတ်လ၊ ဒုတိယပတ်တွင် ပဲစင်းငုံ (နီ) တစ်မျိုးတည်းသာ ဝင်ရောက်ခဲ့ကြောင်း၊ မတ်လ ဒုတိယပတ်တွင် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းအနေဖြင့် ပဲစင်းငုံ(နီ) တစ်တင်းလျှင် ကျပ် ၁,၂၀,၆၀၀ ပေါက်ဈေးရှိပြီး တစ်ပတ်အတွင်း ၄၅၀၀ တင်း၊ တန်အားဖြင့် ၁၄၇ တန် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ မတ်လပထမပတ်နှင့် မတ်လဒုတိယပတ် ဈေးနှုန်းများနှိုင်းယှဉ်ပါက မတ်လ၊ ပထမပတ်၌ ပဲစင်းငုံ (နီ) တစ်တင်းလျှင် ကျပ် ၁,၂၅,၀၀၀ ပေါက်ဈေးရှိခဲ့ပြီး မတ်လ၊ ဒုတိယပတ်တွင် ပဲစင်းငုံ (နီ) တစ်တင်းလျှင် ကျပ် ၄,၄၀၀ လျော့နည်းခဲ့ပြီး ဝင်ရောက်သမျှပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရှိရသည်။

**Source: DOCA (စစ်ကိုင်း)**

**Source:** https://commerce.gov.mm

# STOCK EXCHANGE (21.3.2024)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 21st Mar. 2024

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 113,493 (Shares) | 336,505,650 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | +0 | +0.00% | 8,500 | 8,500 | 8,500 | 138 | 1,173,000 | 33,109,694 | 281,432 |
| MTSH | 00002 | 2,900 | +50 | +1.75% | 2,850 | 2,900 | 2,850 | 3,053 | 8,703,650 | 38,929,150 | 112,895 |
| MCB | 00003 | 7,700 | -100 | -1.28% | 7,700 | 7,700 | 7,700 | 694 | 5,343,800 | 10,400,986 | 80,088 |
| FPB | 00004 | 1,500 | +0 | +0.00% | 1,500 | 1,500 | 1,500 | 135 | 202,500 | 29,664,613 | 44,497 |
| TMH | 00005 | 2,900 | -50 | -1.69% | 2,900 | 2,900 | 2,500 | 302 | 755,800 | 12,823,224 | 37,187 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,750 | 518 | 906,500 | 19,977,223 | 34,960 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 100 | 490,000 | 10,497,598 | 51,438 |
| MAEX | 00008 | 1,800 | +0 | +0.00% | 1,750 | 1,800 | 1,750 | 5,003 | 8,755,400 | 23,804,946 | 42,849 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 21st Mar. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 363.35 | +0.14 | +0.04% | 362.03 | 363.35 | 360.63 | 9,943 | 26,330,650 | 8 | 685,346 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 21st Mar. 2024

| Trading Volume | Trading Value |
|---|---|
| 113,493 (Shares) | 336,505,650 (MMK) |

## Main Board

As of 1:00 pm, 21st Mar. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 113,493 (Shares) | 336,505,650 (MMK) |

| MYANPIX | 363.35 ▲ 0.14 |
|---|---|
| Total Volume (shares) | 9,943 |
| Total Value (MMK) | 26 mil |
| Listed Company | 8 |
| Market Cap. (MMK) | 685,346 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 50 |
| MCB | 00003 | 7,700 | ▼ 100 |
| FPB | 00004 | 1,500 | ▲ 0 |
| TMH | 00005 | 2,900 | ▼ 50 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,800 | ▲ 0 |